Myanmar RESOURCE WATCH

# တရားမဝင် မြေရှားသတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် ပန်ဝါမြို့နယ်မှ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု၊ မြေယာသိမ်းပိုက်မှုနှင့် လူ့အခွင့်အရေးထိခိုက်ဆုံးရှုံးမှုများ



# မာတိကာ


အတိုကောက်စာလုံးများ ........................................ 0

အနှစ်ချုပ် ........................................ 1

၁။နိဒါန်း ........................................ 2

၂။ ရည်ရွယ်ချက် ........................................ 6

၃။အဓိကတွေ့ရှိချက်များ ........................................ 7

(က) သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများ ........................................ 7

(ခ) မြေယာသိမ်း ယူခြင်း ........................................ 8

(ဂ) အသက်မွေးဝမ်းကြောင်းနှင့် လူမှုဘဝပျက်စီးဆုံးရှုံးမှုများ ........................................ 9

(ဃ) အလုပ်သမားအခွင့်အရေးချိုးဖောက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း ........................................ 10

(င) မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးပြဿနာများ ........................................ 11

၄။သုံးသပ်ချက် ........................................ 13

၅။အကြံပြုတိုက်တွန်းချက်များ ........................................ 14

# အတိုကောက်စာလုံးများ

| | | |
|---|---|---|
| CDM | – | Civil Disobedience Movement |
| CSOs | – | Civil Society Organizations |
| EAOs | – | Ethnic Armed Organizations |
| NGOs | – | Non-Government Organizations |
| INGOs | – | International Non-Government Organizations |
| USGS | – | United States Geological Survey |

# အနှစ်ချုပ်

ဤသုတေသနစာတမ်းသည် မြန်မာနိုင်ငံ၊ ပန်ဝါမြို့နယ်ရှိ တရားမဝင်မြေရှားသတ္တုတူးဖော်မှု၏ ဘက်စုံအကျိုးသက်ရောက်မှုများကို စူးစမ်းလေ့လာထားပါသည်။ လေ့လာမှုတွင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ ဒေသခံများ မြေယာမတရားသိမ်းပိုက်ခံရမှုနှင့် လူမှုဘဝပျက်စီးဆုံးရှုံးမှုများကို အဓိက အာရုံစိုက်လေ့လာထားပါသည်။ မြေရှားသတ္တုတူးဖော်ရေးတွင် ပါဝင်လုပ်ကိုင်နေသည့် ဒေသခံပြည်သူများနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ ဖြေဆိုချက်များကို ဆန်းစစ်ခြင်းဖြင့် အဆိုပါ သတ္တုတွင်းလုပ်ငန်းများ၏ ဆိုးကျိုးများ၊ ပတ်ဝန်းကျင်အပေါ် ထိခိုက်ပျက်စီးမှု၊ ဒေသခံပြည်သူလူထု၏ လူနေမှုဘဝနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအပေါ် ထိခိုက်ပျက်စီးမှု စသည့် အကြောင်းရာတို့ကို စာတမ်းတွင် ဖော်ပြထားပါသည်။ အဓိကတွေ့ရှိချက်များအဖြစ် သစ်တောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတုပစ္စည်းများ စွန့်ပစ်ခြင်းနှင့် ရေအရင်းအမြစ်များ ညစ်ညမ်းခြင်းတို့ကို ဖော်ပြထားပြီး သဘာဝပတ်ဝန်းကျင် ဆိုးရွားစွာပျက်စီးမှုကို မီးမောင်းထိုးပြထားပါသည်။ ထို့အပြင် ဤသုတေသနစာတမ်းတွင် ဒေသတွင်း လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သော ဇခုန့်တိန်ယိန်းခေါင်းဆောင်သည့် ပြည်သူ့စစ်၊ နယ်ခြားစောင့်တပ်နှင့် အာဏာသိမ်းစစ်တပ်များမှ ဒေသခံများ၏ ကြောက်ရွံ့မှုကို အသုံးချကာ မြေယာမတရားသိမ်းပိုက်မှုတွင် ပါဝင်မှုနှင့် တရုတ်လုပ်ငန်းရှင်များ၏ ခေါင်းပုံဖြတ်သည့် အလေ့အထများကို စူးစမ်းလေ့လာထားသည်။ လူမှုဘဝအပေါ် အကျိုးသက်ရောက်မှုများတွင် ဒေသခံတောင်သူများ အိုးမဲ့အိမ်မဲ့ဖြစ်မှု၊ တရုတ်နိုင်ငံသားများနှင့် ရွှေ့ပြောင်းအလုပ်သမားများ ဝင်ရောက်မှု၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုနှင့် အမျိုးသမီးလုပ်သားများ၏ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရမှုများ ပါဝင်သည်။ ယေဘုယျအားဖြင့်၊ ဤသုတေသနစာတမ်းသည် ကောက်ယူရရှိသော အချက်အလက်များအပေါ် မူတည်၍ တရားမဝင် မြေရှားသတ္တုတူးဖော်ခြင်း၏ ဆိုးကျိုးများကို ခွဲခြမ်းစိပ်ဖြာတင်ပြထားပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အရေးတကြီး လိုအပ်မှု၊ သာတူညီမျှသော မြေယာစီမံခန့်ခွဲမှု၊ ဒေသတွင်းတည်ငြိမ်မှုတို့နှင့်အတူ ဒေသခံပြည်သူများ၏ ရပိုင်ခွင့်နှင့် ကောင်းကျိုးများကို ဒေသတွင်းရှိပြည်သူများနှင့်ပူးပေါင်းပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (EAOs- Ethnic Armed Organizations) က အကာအကွယ် ပေးနိုင်စေရန် အလေးပေးတင်ပြထားပါသည်

## ၁။ နိဒါန်း

မြေရှားသတ္တု Rare Earth ကို ပမာဏအများဆုံး ထုတ်ခဲ့သည့် နိုင်ငံများထဲတွင် မြန်မာနိုင်ငံသည် တရုတ်၊ အမေရိကန်နှင့် သြစတြေးလျတို့နောက် စတုတ္ထမြောက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း အမေရိကန် အစိုးရဘူမိလေ့လာရေးအသင်း(USGS–United States Geological Survey)၏ အချက်အလက်များအရ သိရှိရသည်။၂၀၁၈ခုနှစ်အတွင်း မြန်မာနိုင်ငံသည် မြေရှားသတ္တုတန် ငါးထောင် ထုတ်ခဲ့ကြောင်း USGS၏ စာရင်းဇယားများတွင် ဖော်ပြခဲ့ပါသည်။[1]

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် မြေရှားသတ္တု အများဆုံးထုတ်လုပ်တင်ပို့သော နိုင်ငံဖြစ်သည်။ အဓိကအားဖြင့် အိမ်နီးချင်း မြန်မာနိုင်ငံမြောက်ဖျားပိုင်းဒေသရှိ မြေရှားသတ္တုသိုက်များမှ ထုတ်လုပ်ရရှိသော မြေရှားသတ္တုများကို တင်ပို့သော နိုင်ငံလည်းဖြစ်သည်။ USGS ၏ ထုတ်ပြန်ချက်များအရ လွန်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မြေရှားသတ္တုထုတ်လုပ်မှု တန်ပေါင်း ၂၄၀,၀၀၀ ရှိသည့်အနက် တရုတ်နိုင်ငံက ၁၄၀,၀၀၀ တန် ထုတ်လုပ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံက တန် ၃၀,၀၀၀ ထုတ်လုပ်ပြီး တရုတ်နိုင်ငံကို အဓိက တင်ပို့လျက်ရှိသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့မြေရှားသတ္တုဈေးကွက်၏ ၉၀ရာခိုင်နှုန်းကျော်ကို ထိန်းချုပ်ထားသည်။ မြေရှားသတ္တု အဓိကထွက်ရှိရာ အရပ်ဒေသတစ်ခုမှာ မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်မြောက်ပိုင်း ဖြစ်သည်။ ကချင်ပြည်နယ်ကို ကမ္ဘာကျော်ကျောက်စိမ်းများ ထွက်ရှိရာ "ကျောက်စိမ်းမြေ" ဟုလူသိများသော်လည်း ကမ္ဘာတွင် မြေရှားသတ္တု တတိယမြောက် အများဆုံးထွက်ရှိရာဒေသဟု သိသူမရှိသလောက် နည်းပါးသည်။ [2]

ကချင်ပြည်နယ်အတွင်း မြေရှားသတ္တုသိုက်များရှိရာအရပ်မှာ တရုတ်နိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်နေသည့် ပန်ဝါဒေသ ဖြစ်သည်။ ပန်ဝါနှင့်ချီဖွေအကြား အရှေ့တောင်မှ အနောက်မြောက်သို့ ကန့်လန့်ဖြတ်စီးဆင်းနေသော ချီဖွေချောင်း အထက်ပိုင်းတစ်ဖက်တစ်ချက်ရှိ တောင်တန်းများတွင် မြေရှားသတ္တုတူးဖော်ရေးတွင်း အများအပြားတွေ့ရှိရသည်။

၂၀၂၁ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း ကချင်ပြည်နယ် ပန်ဝါမြို့နယ်အတွင်း တရားမဝင် မြေရှား သတ္တုတူးဖော်မှု လုပ်ငန်းများ အရှိန်အဟုန်ဖြင့် များပြားဖြစ်ပေါ်လာခဲ့ပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ မြေယာမတရားသိမ်းပိုက်မှုများနှင့် လူမှုရေးဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ တရုတ်အစိုးရသည် တရုတ်နိုင်ငံနယ်နိမိတ်အတွင်းမြေရှားသတ္တုတူးဖော်ခြင်း ဆိုင်ရာကန့်သတ်ချက်များကိုအကောင်အထည်ဖော်ခဲ့ချိန်မှ စတင်ကာ မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်ရှိ တရုတ်နိုင်ငံနယ်စပ်မြို့ဖြစ်သောပန်ဝါမြို့နယ်တွင် ၂၀၁၆ ခုနှစ်မှ စတင်၍ မြေရှားသတ္တုတူးဖော်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် မြင့်တက်လာခဲ့သည်။ မြေရှားသတ္တုရှာဖွေနေသော တရုတ်လုပ်ငန်းရှင်များသည် ပန်ဝါမြို့နယ်၏ သယံဇာတအရင်းအမြစ်များကို အသုံးချကာ ဒေသ၏ဂေဟစနစ်ကို ပြုပြင်၍မရအောင် ထိခိုက်မှုများ ဖြစ်စေခဲ့သည်။ [3]




မြေရှားသတ္တုတူးဖော်ခြင်းလုပ်ငန်းတွင် သစ်တောများခုတ်ထွင်ရှင်းလင်းခြင်းနှင့် တောင်ကုန်းများကို မြေကျင်းများနှင့် လိုဏ်ခေါင်းများတူး၍ ပျက်စီးအောင် ပြုလုပ်ပစ်ကြသည်။ ရှားပါးမြေရှားသတ္တုများကို ထုတ်ယူရန်အတွက် အမိုနီယမ်ဆာလဖိတ်(Ammonium sulfate) ပျော်ရည်ကို တူးထားသည့် မြေကျင်းများထဲသို့ လောင်းထည့်သည်။ ထို့နောက် သတ္တုအနည်အနှစ်များ ပျော်ဝင်နေသော ထိုအမိုနီယမ်ဆာလဖိတ်(Ammonium sulfate) ပျော်ရည်ကို အနီးနားရှိ ကန်များ အတွင်းသို့ ပိုက်များဖြင့် ရွှေ့ပြောင်းစီးဝင်စေသည်။ ထို့နောက် ထိုကန်ထဲမှ မြေရှားသတ္တုများစစ်၍ ထုတ်ယူပြီး ကျန်ရှိသော ammonium sulfate ပါဝင်သည့် စွန့်ပစ်ရေကို ချောင်းများထဲသို့ စွန့်ထုတ်လိုက်သည်။ ဓာတုပစ္စည်းများပါဝင်သော စွန့်ပစ်ရေများ စွန့်ထုတ်မှုကြောင့် ထိုဒေသရှိ ချောင်းများနှင့် ရေအရင်းအမြစ်များ ညစ်ညမ်းလာရသည်။ တူးဖော်ပြီးသော မြေရှားသတ္တုဆိုက်များ ပိတ်သိမ်းရာတွင်လည်း တူးဖော်အသုံးပြုထားသော တောင်များ၊ တွင်းများနှင့် လှောင်ကန်များရှိ ဓာတုပစ္စည်းများအပါအဝင် မည်သည့်ပစ္စည်းမှ သိမ်းယူရှင်းလင်းခြင်းမရှိဘဲ စွန့်ပစ်ထားခဲ့ကြပြီး အခြားဆိုက်အသစ်သို့ အလျင်အမြန် ပြောင်းရွှေ့သွားကြသည်။ တရုတ်လုပ်ငန်းရှင်များ၏ တာဝန်ယူမှုမရှိသော သတ္တုတူးဖော်ရေး လုပ်ဆောင်ချက်များကြောင့် ယခုအခါ ပန်ဝါဒေသပတ်ဝန်းကျင်သည် ပြင်းထန်သော ဓာတုညစ်ညမ်းမှုဒဏ်ကို ခံစားနေရပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးကို စတင်ထိခိုက်စေသည်။

မြေရှားသတ္တုတူးဖော်သည့်လုပ်ငန်းများ၏ ဆိုးကျိုးများသည် ပန်ဝါမြို့နယ်ရှိ ပြည်သူများ၏ နေ့စဉ်ဘဝတွင် သိသိသာသာထင်ရှားသည်။ မိုင်းတွင်းလုပ်ကွက်များအနီး ချောင်းများအတွင်းရှိ ရေသည် သောက်သုံးရန် အဆင်မပြေသဖြင့် ဒေသခံများသည် သဘာဝချောင်းရေများကို သောက်သုံးရန် စိုးရိမ်ကြောက်ရွံ့မှုရှိလာပြီး ဝယ်ယူသောက်သုံးရသည့် ရေသန့်ကို မှီခိုအားထားလာနေရကြောင်း သိရသည်။ ထို့အပြင် ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းအတွက် မြေယာပေါ်တွင် မှီခိုနေရသော ဒေသခံတို့၏ စိုက်ပျိုးရေးလုပ်ငန်းသည် အစမ္မ မြေယာသိမ်းယူမှုများကြောင့် သိသာထင်ရှားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ တရုတ်နိုင်ငံသားများနှင့် ရွှေ့ပြောင်းလုပ်သားများ ဝင်ရောက်လာမှုကြောင့် ဒေသခံအမျိုးသမီးများသည် သွားလာနေထိုင်မှုတွင် မလုံခြုံမှု၊ စိုးရိမ်ထိတ်လန့်မှုများနှင့်အတူ လူမှုရေးပြဿနာများ ပိုမိုတိုးပွားလာခဲ့သည်။ [4]







အဆိုပါ မြေရှားသတ္တုတူးဖော်ရေး လုပ်ငန်းခွင်များသည် အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု ဖြစ်စဉ်များကို မီးမောင်းထိုးပြနေသည်။ ၂၀၂၁ခုနှစ် စစ်တပ်အာဏာသိမ်းမှု မတိုင်မီက မြစ်ကြီးနားမြို့နယ်မှ ဒေသခံများသာ မြေရှားသတ္တုတူးဖော်ရေး လုပ်ငန်းခွင်တွင် ပါဝင်လုပ်ကိုင်ခဲ့ကြသည်။ သို့သော်လည်း စစ်တပ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံ အရပ်ရပ်မှ ရွှေ့ပြောင်းအလုပ်သမားများ အလုံးအရင်းဖြင့် ထိုလုပ်ငန်းတွင် ဝင်ရောက်လာခဲ့ကြသည်။ တရုတ်အလုပ်သမားများသည် အုပ်ချုပ်ရေးပိုင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ ရာထူးနေရာ အများစုကို သိမ်းပိုက်ရယူထားပြီး မြန်မာအလုပ်သမားများမှာ အောက်ခြေအလုပ်ကြမ်းများကို လုပ်ကိုင်ရသည်။ ခွဲခြားဆက်ဆံခံရမှုတွင် သိသိသာသာ ကွာဟမှုမှာ လုပ်ခလစာဖြစ်ပြီး မြန်မာအလုပ်သမားများသည် တရုတ်လုပ်သားများထက် သိသိသာသာ နည်းပါးသော ဝင်ငွေဖြင့်လုပ်ကိုင်ရရာ လုပ်ခလစာ ကွာဟမှုကို ထင်ရှားစေသည်။ တရုတ်လုပ်ငန်းရှင်များသည် မြန်မာအလုပ်သမားများအပေါ်တွင် အလုပ်စာချုပ်များနှင့် ကတိကဝတ်များ မရှိခြင်း၊ မြန်မာအလုပ်သမားများသည် မတရား ထုတ်ပယ်ခံရခြင်းများနှင့် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှုများ သို့မဟုတ် သေဆုံးမှုများအတွက် အကန့်အသတ်ရှိသော လျော်ကြေးငွေများနှင့် ရင်ဆိုင်နေရသည်။

ထမင်းချက်၊ ရေကြည့်သူများနှင့် အိပ်ယာခင်းလုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်သော အမျိုးသမီး အလုပ်သမားများသည် အခြားစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ တရုတ်လုပ်ငန်းရှင်များသည် မြန်မာအမျိုးသမီးလုပ်သားများကို လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ ပြုလုပ်နေကြပြီး ၎င်းတို့၏ အားနည်းချက်များကို မကြာခဏဆိုသလို အသုံးချကာ အိပ်ယာခင်းလုပ်သားများအဖြစ် လုပ်ကိုင်ရန် ငွေကြေးမက်လုံးများနှင့် အခြားကတိများပေး၍ ဆွဲဆောင်ကြသည်။ အမျိုးသမီးလုပ်သားများသည် တရုတ်လုပ်ငန်းရှင်များနှင့် အဆင်ပြေအောင် မပြုမူနိုင်ပါက အလုပ်ခန့်ထားမှုမရှိခြင်းနှင့် အလုပ်မှ ထုတ်ပစ်ခံရခြင်းများ ကြုံတွေ့ရသည်။

*မြေရှားသတ္တုတွင်းလုပ်ငန်းတွင် လုပ်ကိုင်ခြင်းကြောင့် ကျန်းမာရေးထိခိုက်မှုများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အာရုံကြောရောဂါများ၊ အရေပြားရောဂါများနှင့် မီးယပ်ရောဂါများ ပါဝင်သည်။*

ပန်ဝါမြို့နယ်ရှိ တရားမဝင်မြေရှားတူးဖော်မှု၏ဆိုးကျိုးများတွင် သဘာဝပတ်ဝန်းကျင်နှင့် အလုပ်သမားရေးရာပြဿနာများသည် အခြားနေရာများထက် သိသိသာသာဆိုးဝါးနေသည်။ အမျိုးသားလုပ်သားများ အပါအဝင် အမျိုးသမီးအလုပ်သမားများအကြား မူးယစ်ဆေးဝါးသုံးစွဲမှုမှာ သိသိသာသာ တိုးမြင့်လာနေသည်။ ထို့အပြင် မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသည့်ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကြောင့် အလုပ်အကိုင် အခွင့်အလမ်းများကို ရှာဖွေနေသည့် ရွှေ့ပြောင်းအလုပ်သမားများ ဝင်ရောက်လာခြင်းကလည်း ပန်ဝါဒေသတွင် ရွှေ့ပြောင်းအလုပ်သမားနှင့် အခြေချနေထိုင်သူများပြားလာစေပြီး စီးပွားရေးရှုန်းကန်မှုများလည်း ဖြစ်ပေါ်စေခဲ့သည်။ ရွှေ့ပြောင်းအခြေချသူများနှင့် အလုပ်အကိုင်ရှာ ဖွေသူများသည် လိမ်လည်လှည့်ဖြားသည့် အလုပ်ပွဲစားများ၏ ပစ်မှတ်ထားခံရသော သားကောင်များဖြစ်လာကြသည်။ ပွဲစားများသည် ငွေကြေးရယူထားသော်လည်း အလုပ်အကိုင်များ ရရှိအောင် လုပ်ဆောင်မပေးနိုင်ခြင်းနှင့် အာမခံချက်မရှိခြင်းကြောင့် မြေရှားသတ္တုတွင်းတွင်လုပ်ကိုင်ရန် အလုပ်အကိုင် လာရောက်ရှာဖွေသူများသည် လူမှုစီးပွားအကျပ်အတည်း ပိုမိုကြုံတွေ့ရခြင်းများလည်း ရှိသည်။

အဆိုပါပြဿနာများကို ဖော်ထုတ်ခြင်းအားဖြင့် ပန်ဝါမြို့နယ်အတွင်း တရားမဝင် မြေရှားသတ္တုတူးဖော်မှုနှင့် ဆက်စပ်နေသော သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများကို NGO များ၊ INGO အဖွဲ့အစည်းများ၊ ပုဂ္ဂလိကသတင်းမီဒီယာများနှင့် သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများမှ ကူညီဖြေရှင်းပေးနိုင်ရန် ရည်ရွယ်သည်။ ဒေသခံများနှင့် အလုပ်သမားများ၏ အသိပညာများ မြှင့်တင်ရန်၊ ဒေသခံပြည်သူများ သဘောမတူသည့် မြေရှားသတ္တုတွင်းများကို ပိတ်သိမ်းနိုင်ရန်၊ အဆိုပါ သတ္တုတူးဖော်ရေး လုပ်ငန်းများကြောင့် ထိခိုက်ခံစားရသည့် ဒေသခံပြည်သူများ၏ ဆင်းရဲဒုက္ခများကို သက်သာစေရန်နှင့် ရေရှည်တည်တံ့သော ဖြေရှင်းနည်းများကို ရှာဖွေနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရခြင်းဖြစ်သည်။

*"သတ္တုတွင်းတွေက အာဏာသိမ်းပြီးနောက်မှ ပိုများလာတယ် အရင်က တရုတ်ပြည်ကျန်းရှိဘက်မှာ သတ္တုဆိုက်လုပ်ကြတယ် တရုတ်အစိုးရတွေက မလုပ်နိုင်ဘူး သိမ်းလိုက်တော့ ဒီဘက်ရောက်လာတယ်၊ အရင်က ပန်ဝါဘက်မှာ သစ်ပဲလုပ်တယ်"*

*မြေရှားသတ္တုလုပ်ငန်းတွင်လုပ်ကိုင်နေသော ဒေသခံအလုပ်သမားတစ်ဦး*

## ၂။ ရည်ရွယ်ချက်

ဤသုတေသနစာတမ်းလေ့လာရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) မြေရှားသတ္တုလုပ်ငန်းများကြောင့်ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုဒေသခံပြည်သူလူထု၏ အသက် မွေးဝမ်းကြောင်း လုပ်ငန်းများနှင့် လူမှုဘဝတို့အပေါ် ထိခိုက်မှုများအား ဖော်ထုတ်ရန်

(ခ) မြေရှားသတ္တုလုပ်ငန်းခွင်အတွင်း အလုပ်သမားများအပေါ် ခွဲခြားဆက်ဆံမှုများနှင့် လုပ်ငန်းခွင် အန္တရာယ်များကို သိရှိရန်

(ဂ) မြန်မာအလုပ်သမားများ လုပ်ငန်းခွင်အတွင်း ဘေးကင်းရေးနှင့် ကျန်းမာရေးအန္တရာယ်များကို သိရှိရန်

(ဃ) အလုပ်သမားများ၏ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုနှင့် မတော်တဆသေဆုံးမှုများအတွက် လျော်ကြေးငွေရရှိသည့် ပမာဏနှင့် လျော်ကြေးငွေစနစ်များကို သိရှိရန်

(င) လုပ်ငန်းခွင်အတွင်း မြန်မာအမျိုးသမီးများ၏ ထိခိုက်ခံစားရမှု အခြေအနေကိုသိရှိရန်

(စ) ပန်ဝါဒေသတွင် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ အရှိန်အဟုန်ဖြင့် တိုးလာရခြင်း၏ အကြောင်းရင်း များကိုသိရှိရန်



## ၃။ အဓိကတွေ့ရှိချက်များ

### (က) သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများ

*"ကုမ္ပဏီတွေက အလုပ်သမားအတွက် သောက်ရေကို ရေသန့်တွေ မစီစဉ်ပေးဘူး။ ကျွန်မတို့ဆိုက်က ဟိုးအဝေးကြီးက ရေကိုသွယ်ယူပေးလို့ သောက်ရေအတွက် အဆင်ပြေပေမယ့် တချို့ကုမ္ပဏီတွေကြတော့ အဝေးကြီးက မယူပေးဘူး။ သတ္တုဆိုက်နားက ချောင်းရေတွေပဲ သောက်ရတာ။ အဲ့ဒီရေတွေဆိုရင် ချဉ်တယ်"*

*မြေရှားသတ္တုလုပ်ငန်းခွင်အတွင်းမှ အမျိုးသမီးတစ်ဦး*




ပန်ဝါမြို့နယ်အတွင်း သတ္တုတူးဖော်ရေး လုပ်ငန်းများသည် သစ်တောပြုန်းတီးမှုနှင့် ရေအရင်းအမြစ်များ ညစ်ညမ်းမှု အပါအဝင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများကို ဆိုးဆိုးရွားရွား ဖြစ်စေခဲ့သည်။ တူးဖော်ရှင်းလင်းသည့် တောင်ကုန်းပေါ်ရှိ သစ်တောများသည် ခုတ်ထွင်ရှင်းလင်းခံရသည်။ Ammonium sulfate ပျော်ရည်ကို မြေရှားတူးဖော်မည့် တောင်များအတွင်းရှိ မြေကျင်းတူးထားသော တွင်းများထဲသို့ လောင်းချပြီး ရှားပါးမြေရှားသတ္တုများ ထုတ်ယူရန်အတွက် တောင်ခြေရင်းရှိ ကန်များတွင် သတ္တုအနည်များကို စစ်ထုတ်ယူသည်။ တူးဖော်ပြီးနောက် အမိုနီယမ်ဆာလဖိတ်ပါဝင်သည့် စွန့်ပစ်ရေများကို နီးစပ်ရာချောင်းများအတွင်းသို့ အလွယ်တကူ စွန့်ထုတ်ခြင်းကြောင့် ချောင်းများအတွင်းရှိ ရေများကို ညစ်ညမ်းစေသည်။ တူးဖော်ပြီးသော တောင်များနှင့်မြေကျင်းများကို ပြန်လည် ပိတ်သိမ်းပြုပြင်ခြင်းမရှိဘဲ စွန့်ပစ်ထားခဲ့ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို ပိုမိုဆိုးရွားစွာ ထိခိုက်စေသည်။ ပန်ဝါဒေသရှိ ချောင်းများမှ ရေများသည်ချဉ်လာပြီး သောက်သုံးရန် မသင့်လျော်ကြောင်း ဒေသခံများမှ ပြောဆိုကြကာ ရေအရည်အသွေးသည် ကျန်းမာရေးအတွက် ဆိုးကျိုးသက်ရောက်နိုင်ခြေရှိကြောင်း ပြောကြားကြသည်။ [5]

*“မြေရှားတူးဖော်မှုတွေကို မရှိစေချင်ဘူး၊ ကိုယ့်နိုင်ငံကမြေဆီတွေ သူများထုတ်ယူသွားတာ ရင်နာတယ် ရင်နာနာနဲ့လုပ်စားနေရတယ်၊ ဘာလို့မလုပ်ခိုင်းစေချင်လဲဆိုရင် တူးပြီးတဲ့တောင်တွေဆိုရင် ဘာမှမရှိတော့ဘူး၊”*

*ပန်ဝါဒေသခံတစ်ဦး*

## (ခ) မြေယာသိမ်း ယူခြင်း




တရုတ်လုပ်ငန်းရှင်များသည် မြေရှားသတ္တုတူးဖော်ရန် ရည်ရွယ်ချက်ဖြင့် ဒေသတွင်းရှိ လက်နက်ကိုင်အဖွဲ့များဖြစ်သော ပြည်သူ့စစ်၊ နယ်ခြားစောင့်တပ်၊ အာဏာသိမ်းစစ်တပ်တို့နှင့် အတူပူးပေါင်းကာ မြေယာမတရားသိမ်းယူခြင်းတွင် ပါဝင်လုပ်ကိုင်ကြသည်။ ရှားပါးမြေရှားသတ္တုများ ပေါကြွယ်ဝသော မြေများနှင့် တောင်များကို ရှာဖွေကြပြီး ရွာလူကြီးများမှတဆင့် ရွာသားများထံမှ အတင်းအဓမ္မ ဖိအားပေးဝယ်ယူကြသည်။ မြေပိုင်ရှင်များသည် ၎င်းတို့၏ ဘိုးဘွားပိုင်မြေများကို ရောင်းချရန်တွန့်ဆုတ်နေသော်လည်း ဒေသအတွင်းလှုပ်ရှားနေသည့် လက်နက်ကိုင်အဖွဲ့များ၏ဖိအားပေးခြိမ်းခြောက်မှုကြောင့်ရောင်းချနေကြရသည်။ဒေသတွင်းလက်နက်ကိုင်အဖွဲ့များမှ “**ညှိနှိုင်း နေတုံးရောင်းရင်ရောင်းကြ မရောင်းရင် မင်းတို့နေရာကို ငါတို့ကသိမ်းယူလိုက်မှာ**” ဟု ပြောဆိုခြိမ်းခြောက်ကာ အဆိုပါမြေများကို ရွာသားများထံမှ သက်သာသောဈေးနှုန်းဖြင့် တစ်ဧက ယွမ် ၂၀၀၀၀ (မြန်မာငွေကျပ်သိန်း ၈၀ ကျော်) ဝန်းကျင်ဖြင့် ဝယ်ယူပြီး တရုတ်လုပ်ငန်းရှင်များထံ ပြန်လည်ရောင်းချခဲ့သည်။

## (ဂ) အသက်မွေးဝမ်းကြောင်းနှင့် လူမှုဘဝပျက်စီးဆုံးရှုံးမှုများ




အစမ္မမြေယာ သိမ်းယူမှုများသည် စိုက်ပျိုးရေးကို မှီခိုအားထားနေရသည့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းကို ဆိုးရွားစွာ ထိခိုက်ခဲ့သည်။ ၎င်းတို့၏ လယ်ယာမြေများ သိမ်းယူခံရခြင်းကြောင့် စီးပွားရေးအရ ရပ်တည်နိုင်ရေးအတွက် ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ တရုတ်နိုင်ငံသားများနှင့် ရွှေ့ပြောင်းအလုပ်သမားများ ဝင်လာခြင်းသည် ဒေသတွင်း လူမှုရေးပြဿနာများကို ဖန်တီးခဲ့ပြီး ဒေသခံအမျိုးသမီးများသည် ၎င်းတို့၏ လုံခြုံရေးကို စိုးရိမ်ကြောင်း ပြောဆိုကြသည်။ ထို့အပြင် သတ္တုတူးဖော်ရေး လုပ်ငန်းအပေါ် မှီခိုနေရခြင်းကြောင့် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် ပြဿနာများ တိုးမြင့်လာကာ ရပ်ရွာ၏ လုံခြုံရေးကို ပိုမိုထိခိုက်စေပါသည်။

> *"သတ္တုဖုတ်တဲ့နေရာလည်းရှိတယ် အဲ့ထဲကိုလုပ်တဲ့သူက ၆ လ မခံဘူး ချောင်းဆိုး သွေးအန်ပြီး ဆုံးကြတယ်"*
>
> *မြေရှားသတ္တုတူးဖော်ရေးလုပ်သားတစ်ဦး*

## (ဃ) အလုပ်သမားအခွင့်အရေးချိုးဖောက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း




၂၀၂၁ခုနှစ်စစ်တပ်မှအာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံဒေသအသီးသီးတွင် အလုပ်အကိုင်အခွင့်အလမ်း လိုအပ်ချက် မြင့်တက်ခဲ့ပြီး သတ္တုတူးဖော်ရေးလုပ်ငန်းတွင် ရွှေ့ပြောင်းအလုပ်သမားများ အဆမတန် မြင့်တက်လာခဲ့သည်။ မြန်မာနိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသော ဒေသများရှိ ပြည်သူများသည် ၎င်းတို့၏ပုံမှန်အလုပ်အကိုင်များ၊ မိရိုးဖလာအလုပ်အကိုင်များနှင့် လယ်ယာမြေများလုပ်ကိုင်ခွင့်ဆုံးရှုံးသွားကြရာ စားဝတ်နေရေးအတွက် အလုပ်အကိုင် လိုအပ်ချက် မြင့်တက်လာသည်။ ထိုဒေသများရှိ စစ်ဘေးရှောင်များသည်စစ်ရှောင်ရင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေရန် ပန်ဝါဒေသသို့ ရောက်ရှိလာကြပြီး ကျန်ရှိနေခဲ့သော မိသားစုများကို ထောက်ပံ့ရန် မြေရှားသတ္တုတူးဖော်ရေး လုပ်သားများ အဖြစ်လာရောက်လုပ်ကိုင်နေကြသည်။ ထိုရွှေ့ပြောင်းလုပ်သားများတွင် အဓိကအားဖြင့် လူငယ်နှင့် လူလတ်ပိုင်း အသက်အရွယ်အပိုင်းအခြား ပိုမိုများပြားပြီး ပညာတတ်လူငယ်များနှင့် စစ်အာဏာရှင်တော်လှန်ရေးလှုပ်ရှားမှုတစ်ခုဖြစ်သော Civil Disobedience Movement (CDM) တွင် ယခင်က ပါဝင်လုပ်ဆောင်ခဲ့ကြသည့် ကျောင်းဆရာ/ဆရာမများနှင့် အခြားဝန်ထမ်းများလည်း လာရောက်လုပ်ကိုင် ကြကြောင်း တွေ့ရသည်။ မြေရှားသတ္တုတူးဖော်မှုလုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမှုနှင့် အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများမှာ ပျံ့နှံ့လျက်ရှိပြီး တရုတ်နိုင်ငံမှ အလုပ်သမားများသည် အုပ်ချုပ်ရေးနှင့် ပညာရပ်ပိုင်းဆိုင်ရာ ရာထူးများကို ထမ်းဆောင်ကြကာ မြန်မာနိုင်ငံမှ အလုပ်သမားများကို အခြေခံလုပ်သားနေရာတွင် ခန့်အပ်ကြသည်။ မြန်မာအလုပ်သမားများသည် ၎င်းတို့၏ တရုတ်လုပ်ဖော်ကိုင်ဖက်များနှင့် နှိုင်းယှဉ်ပါက သိသိသာသာ နိမ့်ကျသော လုပ်ခလစာများ ရရှိကြသည်။ အလုပ်သမားများအကြား ခိုက်ရန်ဖြစ်ပွားမှုများ ဖြစ်ပွားပါက တရုတ်လုပ်ငန်းရှင်များသည် အကြောင်းအရာစုံစမ်းမေးမြန်းခြင်း မရှိဘဲ အလုပ်မှချက်ခြင်း ထုတ်ပယ်ခြင်းများ ပြုလုပ်ကြသည်။ လုပ်ငန်းခွင်အတွင်း အသုံးပြုသည့် ဓာတုပစ္စည်းများ၏ သက်ရောက်မှုအန္တရာယ်ကို ကာကွယ်ပေးသော

အကာအကွယ်ပစ္စည်းများ ပေးအပ်ခြင်းမရှိဘဲ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုအတွက် အကန့်အသတ်ရှိသော လျော်ကြေးငွေများကိုသာ ပေးလျော်ကြသည်။ ထိုအကြောင်းအရာများ၊ အလုပ်သမားအခွင့်ရေးများနှင့် ပတ်သက်ပြီး အလုပ်သမားများအကြားတွင် အသိပညာပေးခြင်း အားနည်းနေသည်။ တရုတ်လုပ်ငန်းရှင်များက လုပ်ငန်းခွင်ရှိ အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုများ ပြုလုပ်ကြပြီး မငြင်းဆန်နိုင်အောင် ဖိအားပေးလုပ်ကိုင်စေကြသည်။

> *"မိန်းကလေးတွေရဲ့အခက်အခဲက ထမင်းချက်ဆိုပြီး အလုပ်ဝင်လုပ်ပေမယ့် ဆိုဒ်ခေါင်းဆောင်နဲ့ လောပန်းနဲ့ အဆင်ပြေမှ လစာကောင်းကောင်းရတယ်၊ အဲဒီမိန်းကလေးက သူတို့ပြောတာတွေကို မလိုက်လျောပေးနိုင်ဘူးဆိုရင် အလုပ်မခန့်ဘူး။ အလုပ်လဲဖြုတ်ခံရတယ်"*
>
> *မြေရှားသတ္တုလုပ်ငန်းခွင်အတွင်းမှ ဆိုက်ခေါင်းဆောင်တစ်ဦး*

## (c) မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးပြဿနာများ




မြေရှားသတ္တုတွင်းလုပ်ငန်းခွင်တွင် အမျိုးသားနှင့် အမျိုးသမီး အလုပ်သမားများအကြား မူးယစ်ဆေးဝါးသုံးစွဲမှု မြင့်တက်လာသည်ကို တွေ့မြင်ရသည်။ ammonium sulfate ကဲ့သို့သော ဓာတုပစ္စည်းများကို ကိုင်တွယ်သည့် အလုပ်သမားများသည် အသက်ရှုလမ်းကြောင်းနှင့် အရေပြားရောဂါ များကိုခံစားနေကြရသည်။ အိပ်ယာခင်းအမျိုးသမီး လုပ်သားများသည် မီးယပ်ဆိုင်ရာပြဿနာများ ကြုံတွေ့ရပြီးကိုယ်ဝန်ဖျက်ချခြင်းဆိုင်ရာအန္တရာယ်များနှင့် ရင်ဆိုင်နေရသည်။ အန္တရာယ်ရှိသောလုပ်ငန်း ခွင်အခြေအနေများနှင့် လုံလောက်သော ဘေးကင်းရေး အစီအမံများရှိမနေခြင်းကြောင့် အလုပ်သမားများ၏ အလုံးစုံနှင့်ရေရှည် ကျန်းမာရေးကို ထိခိုက်ပျက်စီးစေပါသည်။

*“မြန်မာ မိန်းကလေးတွေက တရုတ်တွေကို အရမ်းအထင်ကြီးတယ် ပိုက်ဆံကြောင့် အသက် ၆၀ ကျော်တဲ့ တရုတ်လောပန်းတွေနဲ့ အတူနေတယ် အသက် ၁၆ နှစ်ပဲရှိသေးတဲ့ လူလည်းရှိတယ်။ တရုတ်အလုပ်သမားတွေနဲ့လည်း အိမ်ထောင်ကျတာတွေရှိတယ်။ ကိုယ်ဝန်ရှိလာရင် မြစ်ကြီးနားကို သွားပြီး ကိုယ်ဝန်ဖျက်ချခိုင်းတာမျိုးရှိတယ်။”*

*မြေရှားသတ္တုလုပ်ငန်းတွင်လုပ်ကိုင်နေသော ဒေသခံအလုပ်သမားတစ်ဦး*

တွေ့ရှိချက်များအရ ပန်ဝါမြို့နယ်ရှိ သတ္တုတူးဖော်ရေး လုပ်ငန်းအတွင်းပြင်းထန်သော သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ မြေယာ မတရားသိမ်းပိုက်မှု၊ လူမှုရေး အနှောင့်အယှက်များ၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ကျန်းမာရေး ပြဿနာများ အပါအဝင် ပြဿနာအများအပြားကို ဖော်ထုတ်တွေ့ရှိခဲ့သည်။ ဤတွေ့ရှိချက်များသည် မြေရှားသတ္တုတူးဖော်မှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် ထိခိုက်ခံစားရသော အသိုင်းအဝိုင်းများ၏ အခွင့်အရေးများနှင့် လုံခြုံရေးများကို ကာကွယ်ရန် ထိရောက်ကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုများ အရေးတကြီးလိုအပ်နေကြောင်း အလေးပေးဖော်ပြခြင်းဖြစ်သည်။

*" ကျင်းတူးဆိုရင်တော့ ဘာမှမဖြစ်ဘူး၊ မြေသြဇာထည့်တဲ့လူတော့ မျိုးမအောင်ဘူး ကလေးမရနိုင်တဲ့ ရောဂါဖြစ်တယ်လို့ ပြောတယ်”*

*မြေရှားသတ္တုလုပ်ငန်းတွင်လုပ်ကိုင်နေသော ဒေသခံအလုပ်သမားတစ်ဦး*

*“မူးယစ်ဆေးကတော့ဆိုက်တိုင်းလိုလိုရှိတယ်၊ အလုပ်ရှင်က တရားဝင်ခွင့်ပြုခြင်းမရှိပေမယ့် ခိုးသုံးကြတယ်၊ အမျိုးသမီးတချို့လည်း မူးယစ်ဆေးသုံးကြတယ်”*

*မြေရှားသတ္တုလုပ်ငန်းတွင်လုပ်ကိုင်နေသော ဒေသခံအလုပ်သမားတစ်ဦး*

*“မြေသြဇာတွေကို ကြာရှည်အသုံးပြုကိုင်တွယ်ရတဲ့ အလုပ်သမားတွေက အချိန်ကြာလာရင် အသက်ရှူကျပ်တာတွေနဲ့ ကျန်းမာရေးထိခိုက်မှုတွေ ဖြစ်လာတယ်၊ အချို့ကုမ္ပဏီတွေက လုပ်ငန်းခွင်မှာ သုံးဖို့ လက်အိတ်နဲ့ mask ထုတ်ပေးတာရှိပေမယ့် တချို့က မထုတ်ပေးဘူး”*

*မြေရှားသတ္တုလုပ်ငန်းတွင်လုပ်ကိုင်နေသော ဒေသခံအလုပ်သမားတစ်ဦး*

## ၄။ သုံးသပ်ချက်

ကချင်ပြည်နယ် ပန်ဝါမြို့နယ်အတွင်း တရုတ်လုပ်ငန်းရှင်များ၏ တရားမဝင် တူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်း၊ မြေယာမတရား သိမ်းယူခြင်း၊ လူမှုဘဝများ ထိခိုက်ပျက်စီးခြင်းနှင့် အလုပ်သမားအခွင့်အရေး ချိုးဖောက်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ သစ်တောများ ခုတ်ထွင်ရှင်းလင်းပြီး တောင်များနှင့် တွင်းများကို ပြန်လည်မွမ်းမံခြင်းမရှိဘဲ စွန့်ပစ်ထားကာ ဓာတုစွန့်ပစ်ရေများကို ချောင်းများအတွင်းသို့ စွန့်ထုတ်ခြင်းကြောင့် ရေအရင်းအမြစ်များ ညစ်ညမ်းစေပြီး သုံးစွဲရန်အတွက် အန္တရာယ်ရှိသည်။ စိုက်ပျိုးရေးကို မှီခိုအားထားနေရသော ဒေသခံလူထုသည် အဓမ္မ မြေယာသိမ်းဆည်းမှုကြောင့် လူမှုဘဝရပ်တည်နိုင်ရန် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ တရုတ်နိုင်ငံသားများနှင့် ရွှေ့ပြောင်းလုပ်သားများ ဝင်ရောက်လာမှုကြောင့် ဒေသခံအမျိုးသမီးများသည် နေထိုင်သွားလာရာတွင် လုံခြုံမှုမရှိဟု ခံစားရသဖြင့် လူမှုရေးပြဿနာများ ဖြစ်ပေါ်စေခဲ့သည်။ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများမှာ ပျံ့နှံ့နေပြီး မြန်မာနှင့် တရုတ်အလုပ်သမားများအကြား ခွဲခြားဆက်ဆံမှုများ၊ ဓာတုပစ္စည်းများ၏ အန္တရာယ်ဖြစ်စေသော သက်ရောက်မှုများအကြောင်း အသိပညာပေးမှုမရှိခြင်းနှင့် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုအတွက် လျော်ကြေးအနည်းငယ်မျှသာ ပေးလျော်နေမှုတို့နှင့်အတူ ထိခိုက်ခံစားနေရသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်နွယ်သော ကျန်းမာရေးပြဿနာများနှင့်အတူ အမျိုးသမီးအလုပ်သမားများကို လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများလည်းရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့်အတူ ပြည်သူများ စားဝတ်နေရေးခက်ခဲလာခြင်းတို့သည် ရွှေ့ပြောင်းလုပ်သားဦးရေကို အရှိန်အဟုန်ဖြင့် တိုးမြင့်လာစေသည်။ အလုပ်အကိုင်ရှာဖွေရေး အခက်အခဲများစွာနှင့် ရင်ဆိုင်နေရသော ရွှေ့ပြောင်းလုပ်သားများသည် မြေရှားသတ္တုတူးဖော်သည့် လုပ်ငန်းခွင်များသို့ ပိုမိုဝင်ရောက်လာကြသည်။ အဆိုပါ ကိစ္စရပ်များနှင့် ပန်ဝါမြို့နယ်ရှိ တရားမဝင် သတ္တုတူးဖော်ရေး လုပ်ငန်းများ၏ ဆိုးကျိုးများကို ကိုင်တွယ်ဖြေရှင်းရန် အရေးတကြီး လိုအပ်နေပြီး ကြားဝင်ဖြေရှင်းမှုများ လိုအပ်နေပါသည်။






## ၅။ အကြံပြုတိုက်တွန်းချက်များ

### ၁။ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု




၁.၁။ သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးစေရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံတကာ စံချိန်စံနှုန်းများ၊ စည်းမျဉ်းများနှင့် ဥပဒေများကို လိုက်နာဆောင်ရွက်စေခြင်း၊ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် တင်းကျပ်သော လမ်းညွှန်ချက်များ ချမှတ်သင့်ပြီး၊ မိုင်းတွင်းဧရိယာများ ပြန်လည်နေရာချထားခြင်း၊ ဓာတုဗေဒပစ္စည်းများနှင့် ရေဆိုးများ စနစ်တကျစွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်စေရမည်။

၁.၂။ တရားဥပဒေစိုးမှုမရှိသော(Law less) ကာလဖြစ်နေသောကြောင့် အကဲဖြတ်ချက်များသည် အကောင်အထည်ဖော်ရန် ခက်ခဲမည်ဖြစ်သော်လည်း ဂေဟစနစ်များ၊ ရေအရင်းအမြစ်များနှင့် ဒေသခံပြည်သူများအပေါ် ရေရှည်အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားသင့်ပြီး ရေရှည်တည်တံ့သော အလေ့အကျင့်ကောင်းများကို လိုက်နာစေအောင် သက်ဆိုင်ရာအစုအဖွဲ့များမှ တွန်းအားပေးဆောင်ရွက်ရမည်။

၁.၃။ နိုင်ငံတကာ ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံနှုန်းများ၊ စည်းမျဉ်းများနှင့် ဥပဒေများကို လိုက်လျောညီထွေရှိစေရန် ခိုင်မာသော စောင့်ကြည့်စစ်ဆေးခြင်းများအတွက် ဒေသခံပြည်သူများ၊ ဒေသခံလက်နက်ကိုင်အဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများဖြင့် အာဏာတည်သည့် ယန္တရားတစ်ခု ထူထောင်ပါ။ ၎င်းတွင် ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်းနှင့် ချမှတ်ထားသော စည်းကမ်းချိုးဖောက်မှုများအတွက် ပြစ်ဒဏ်များ ပါဝင်သင့်သည်။

## ၂။ မြေယာ သိမ်းယူခြင်း




၂.၁။ ဒေသခံပြည်သူလူထုများ၏ အခွင့်အရေးများကို ကာကွယ်၍ မြေယာအသုံးချမှုနှင့် သယံဇာတ ထုတ်ယူခြင်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ၎င်းတို့၏ပူးပေါင်းပါဝင်မှုကို အလေးထားဆောင်ရွက်သင့်သည်။ ယင်းတွင် ရိုးရာဓလေ့ထုံးတမ်း မြေယာအခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ မြေယာပိုင်ရှင်များ၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်း၊ တရားဝင်သတ်မှတ်ခြင်းနှင့် မြေယာအုပ်ချုပ်မှုစနစ်များ အားကောင်းစေခြင်းတို့ ပါဝင်သည်။

၂.၂။ အတင်းအဓမ္မမြေယာသိမ်းဆည်းမှုများ အပါအဝင်ဖိအားပေးခြိမ်းခြောက်မှုများကို ရှောင်ကြဉ်ရမည် ဖြစ်ပြီး ရပ်ရွာ လူထုများ၏ ပူးပေါင်းပါဝင်မှုကို သေချာစေသင့်ကာ မြေယာဆုံးရှုံးမှုများအတွက် တရားမျှတသောလျော်ကြေး ပေးရန်၊ ဖိအားပေးခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်းတို့နှင့် ပတ်သက်၍ ဦးစားပေးဆောင်ရွက်သင့်သည်။

## ၃။ လူမှုဘဝပျက်စီးမှုများ

၃.၁။ အစားထိုး အသက်မွေးဝမ်းကြောင်း အခွင့်အလမ်းများနှင့် သတ္တုတွင်းလုပ်ငန်းများကြောင့် ထိခိုက်ခံစားရသော ဒေသခံလူထုများအတွက် ပံ့ပိုးကူညီမှု အစီအစဉ်များကို ဆောင်ရွက်ပေးသင့်သည်။ လူမှုအသိုင်းအဝိုင်းများ ရေရှည်တည်တံ့စေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ ရောင်းဝယ်ဖောက်ကားမှုအတွက် ဈေးကွက်များဖော်ဆောင်ပေးခြင်း၊ ချိတ်ဆက်ဆောင်ရွက်မှုများနှင့် စွန့်ဦးတီထွင်မှုသင်တန်းများ ပါဝင်နိုင်သည်။

## ၄။ အလုပ်သမားအခွင့်အရေးချိုးဖောက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း–

၄.၁။ သတ္တုတွင်းလုပ်ငန်းတွင် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ရန် အလုပ်သမားဥပဒေနှင့် စည်းမျဉ်းများကို အသုံးပြုပါ။ ၎င်းတွင် မျှတသောလုပ်ခလစာ၊ ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ ခွဲခြားဆက်ဆံမှုနှင့် ခေါင်းပုံဖြတ်ခံရခြင်းမှ အကာအကွယ်ပေးရေးတို့ ပါဝင်သင့်သည်။

၄.၂။ အလုပ်သမားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ လိုက်လျောညီထွေရှိစေရန်အတွက် သတ္တုတွင်းလုပ်ငန်းကို ပုံမှန်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ပါ။ ၎င်းတွင် အလုပ်ချိန်စောင့်ကြည့်ခြင်း၊ မျှတသော လုပ်ခလစာပေးချေခြင်း၊ အလုပ်ခွင်ဆိုင်ရာ အကာအကွယ်ပစ္စည်းကိရိယာများ ပေးအပ်ခြင်း၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးစံနှုန်းများကို လိုက်နာခြင်းတို့ ပါဝင်အောင် ဆောင်ရွက်သင့်သည်။

၄.၃။ အလုပ်သမားများအကြား ၎င်းတို့၏ ရပိုင်ခွင့်များ၊ အလုပ်သမားအခွင့်အရေးများ၊ ဥပဒေများနှင့် ပတ်သက်၍ အသိပညာပေးခြင်း၊ လုပ်ငန်းခွင်ဘေးကင်းရေး၊ မိုင်းတွင်းလုပ်ငန်းများနှင့် ဆက်စပ်နေသော ကျန်းမာရေးဆိုင်ရာ အန္တရာယ်များကို သင်တန်းပေးခြင်းနှင့် အလုပ်သမားများ ကြုံတွေ့ရနိုင်သည့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ (သို့မဟုတ်) ခေါင်းပုံဖြတ်ခံရမှု အခြေအနေများကို အချိန်နှင့် တပြေးညီ သတင်းပို့နိုင်ရန် ဆောင်ရွက်ပေးပါ။

၄.၄။ အလုပ်သမားအခွင့်အရေးချိုးဖောက်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများကို တိုင်ကြားနိုင်ရန်အတွက် လမ်းကြောင်းများ ထူထောင်ကာ စုံစမ်းစစ်ဆေးမှုများကို ဆောလျင်စွာနှင့် သမာသမတ်ကျစွာ လုပ်ဆောင်ပြီး ပြစ်မှုကျူးလွန်သူများကို တာဝန်ခံစေခြင်းနှင့် ကျူးလွန်ခံရသူများကို တရားဥပဒေဆိုင်ရာအကူအညီ၊ အကြံဉာဏ်နှင့် ဆေးဝါးအကူအညီများ ဆောလျင်စွာ ထောက်ပံ့ပေးဆောင်နိုင်သည့် ယန္တရားများထူထောင်ပါ။

## ၅။ ကျန်းမာရေးနှင့် မူးယစ်ဆေးဝါး ပြဿနာများ

၅.၁။ မိုင်းတွင်းလုပ်သားများနှင့် ထိခိုက်ခံစားရသော ရပ်ရွာများ အထူးသဖြင့် ဝေးလံခေါင်သီသော ဒေသများရှိပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်စေရန် ဆောင်ရွက်ပေးသင့်သည်။ ၎င်းတွင် ပုံမှန်ကျန်းမာရေးစစ်ဆေးမှုများ၊လုပ်ငန်းခွင် ကျန်းမာရေးပြဿနာ များအတွက် ကုသရေးဌာနများနှင့်

မူးယစ်ဆေးဝါး အလွဲသုံးမှုအန္တရာယ်ဆိုင်ရာအသိပညာပေးလှုပ်ရှားမှုများ ပါဝင်သင့်သည်။

၅.၂။ သတ္တုတွင်းလုပ်ငန်းများနှင့် ဆက်စပ်နေပြီး ကြီးထွားလာသော မူးယစ်ဆေးဝါးပြဿနာများကို ဖြေရှင်းရန် မူးယစ်ဆေးဝါးရောင်းဝယ်နေမှုများကို ထိရောက်စွာ တားဆီးနိုင်ရေးနှင့် ပြီးပြည့်စုံသော ပြန်လည်ထူထောင်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ပါ။

၅.၃။ သတ္တုတူးဖော်ရေးကုမ္ပဏီများသည် သင့်လျော်သောလေ့ကျင့်မှု၊ အကာအကွယ်ပစ္စည်းများနှင့် အလုပ်သမားများ၏ ကျန်းမာရေးကို ပုံမှန်စောင့်ကြည့်ခြင်းအပါအဝင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေးအစီအမံများကို ဦးစားပေးလုပ်ဆောင်ရန်လိုအပ်ပြီး လုပ်ငန်းခွင်ရောဂါများ သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိနေသည့် အလုပ်သမားများအတွက် လိုအပ်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးရမည်။

၅.၄။ ကျန်းမာရေးနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များတွင် လုပ်ဆောင်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ(CSOs) ၊ NGO၊ INGO) များနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။ ၎င်းတွင် ပူးတွဲအသိပညာပေးလှုံ့ဆော်မှုများ၊ စွမ်းရည်မြှင့်တင်ရေး အစပျိုးမှုများနှင့်မူဝါဒပြုပြင်ပြောင်းလဲမှုများအတွက် လှုံ့ဆော်မှုတို့ ပါဝင်နိုင်သည်။

အထက်ပါ အကြံပြုတိုက်တွန်းချက်များသည် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ မြေယာသိမ်းပိုက်မှု၊ လူမှုရေးဘဝမလုံခြုံမှုများ၊ အလုပ်သမားအခွင့်အရေးချိုးဖောက်မှုများနှင့် သတ္တုတွင်းလုပ်ငန်းများတွင် လုပ်ကိုင်မှုကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးပြဿနာများစသည့်အထွေထွေ ထိခိုက်နစ်နာရမှုများအတွက် ဘက်စုံစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်ရည်ရွယ်ပါသည်။

***အကြံပြုချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် သက်ဆိုင်သူအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အရေးတကြီးလိုအပ်နေပြီး လက်ရှိဖြစ်ပျက်နေမှုများကို အလျှင်အမြန်တားဆီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။***

*1 https://www.bbc.com/burmese/burma-48467691*

*2 https://myanmar-now.org/mm/news/9407/*

*3 Key Informant Interview with the worker from the rare earth mining site (2023)*

*4 Key Informant Interview with the affected community (2023)*

*5 Individual Interview with the affected community (2023)*